အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်–၉၇/ ခ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ် ၊ ရန်ကုန်မြို့

ရက်စွဲ – ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ (၂၁) ရက်
၁၃၆၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၄) ရက်

# အထူးကြေငြာချက်

၁။ မြန်မာနိုင်ငံတော်၏အရေးကိစ္စကို ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီက လက်ခံစဉ်းစားဆောင်ရွက်ရန်အတွက် ချက်နိုင်ငံ သမ္မတဟောင်း မစ္စတာ ဗားကလဗ် ဟာဗယ်လ် နှင့် ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဘုန်းတော်ကြီး ဒက်စ်မွန်တူးတူး တို့၏ ရှင်းလင်းဖေါ်ပြအစီရင်ခံချက်နှင့် ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သဘောထားကို အောက်ပါအတိုင်း ကြေငြာလိုက်ပါသည်။

၂။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဖွဲ့စည်းတည်ထောင်ထားသော အဓိကရည်ရွယ်ချက်သည် မြန်မာနိုင်ငံတွင်ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးများ ဖြစ်ထွန်းပေါ်ပေါက်ရန် ဖြစ်ပေသည်။ သို့ဖြစ်ရာ တိုင်းပြည်တွင် လက်ရှိကြုံတွေ့နေရသော အခက်အခဲပြဿနာများကို ကျော်လွှန်၍ နိုင်ငံရေးပြုပြင်ပြောင်းလည်းမှုများ ပြုလုပ်ပြီး ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်လာစေရန် ကြိုးပမ်းအားထုတ်မှုမှန်သမျှကိုလည်းကောင်း၊ ယင်းသို့ကြိုးပမ်းအားထုတ်မှုများကို အထောက်အကူပြုသော ပြောဆိုဆောင်ရွက်မှုများကိုလည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အစဉ်သဖြင့် အထူးလှိုက်လှဲစွာ ကြိုဆိုအပ်ပေသည်။

၃။ သိုပါ၍ ချက်သမ္မတဟောင်းနှင့် ဘုန်းတော်ကြီးတို့က မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ လက်ခံစဉ်းစား ဆောင်ရွက်ပေးနိုင်ရန် စံနမူနာအထောက်အထား အခြေအနေ အရပ်ရပ်များနှင့်တကွ ပြည့်ပြည့်စုံစုံ ခိုင်ခိုင်မာမာ အစီရင်ခံစာ ထွက်ပေါ်လာခြင်းအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကျေးဇူးတင်ကြောင်း ကြေငြာအပ်ပါသည်။ ၎င်းပြင် အဆိုပါပုဂ္ဂိုလ်ကြီးနှစ်ဦး အမှူးပြုပြီး ပြုစုထားသော စာတမ်းသည် စေတနာမှန်သော လုပ်ရပ်သက်သက် ဖြစ်သည်ဟုလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အသိအမှတ်ပြုအပ်ပေသည်။

၄။ ၎င်းပြင်ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ တင်ပြရန် ကမ္ဘာတွင်ထင်ရှားသည့် ပုဂ္ဂိုလ်ကြီးနှစ်ဦး၏စာတမ်းသည် မည်သည့်နိုင်ငံ မည်သည့်အဖွဲ့အစည်းများကိုမျှ ထိခိုက်နစ်နာစရာမပါရှိဘဲ မြန်မာနိုင်ငံ၏ ကောင်းကျိုးချမ်းသာ မြန်မာပြည်အရေး ပြေလည်ရေး၊ လက်တွေ့ အားဖြင့် အကောင်အထည်ဖေါ်ဆောင်ရွက်နိုင်မည့် အစီအစဉ် ဖြစ်သည့်အတွက် စေတနာသက်သက်လုပ်ရပ်ဖြစ်သည်ဟု လေ့လာတွေ့ရှိရပေသည်။

၅။ သို့ဖြစ်ရာ အဆိုပါပုဂ္ဂိုလ်ကြီးနှစ်ဦးတို့၏ အစီရင်ခံစာကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ တင်သွင်းရောက်ရှိလာသောအခါတွင် ကန့်ကွက်မှုတစ်စုံတရာ မပြုလုပ်ကြပါဘဲ ဝိုင်းဝန်းကူညီပန့်ပိုးဆောင်ရွက်ပေးကြပါရန်နှင့်အထူးသဖြင့် ဗီတိုအာဏာသုံးစွဲတားမြစ်ခြင်း မပြုကြပါရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သက်ဆိုင်ရာလုံခြုံရေးကောင်စီဝင် နိုင်ငံအသီးသီးတို့အား အထူးမေတ္တာရပ်ခံအပ်ပါကြောင်း ကြေငြာလိုက်ပါသည်။

၂၁ ၊ ၉ ၊ ၂၀၀၅ ရက်နေ့က ကျင်းပပြုလုပ်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်